
ဝိုးမိုး စာပေ
(လုံးချင်းဝတ္ထုသစ်)
ရင်ပြွတ်နိုး
အချစ်ကို ကိုးကွယ်မိသည်
L လင်း

# အခန်း (၁)

မိုးတွေ သဲသဲမဲမဲ ရွာတဲ့ ည။ အချိန်က ညဆယ့်တစ်နာရီ။

"ဝေါ"

"ဝေါ"

လေပြည်တိုးသံ မဟုတ်။ လေပြင်းတိုက်ခတ်နေတဲ့ အသံတွေ။ လမ်းမကြီးပေါ်မှာ ကားအသွားအလာ ရပ်သွားသည် ။ လမ်းဘေးမီးတိုင် ဖျတ်ခနဲ ငြိမ်းသွားသည် ။

အမှောင်၊ ဘာကိုမှ မမြင်ရ။ ရန်ကုန် အင်းစိန်လမ်းမကြီး။

"ဝေါ"

"ဂျိမ်း"

"ဂျလိမ်း"

မိုးကြိုးပစ်သံ၊ လျှပ်စီးရောင်တွေ ကောင်းကင်ထက်မှာ ဖြိုးဖြိုးပြက်အောင် လက်နေလေသည် ။

"ဟင်"

မိန်းကလေး တစ်ယောက်။ လျှပ်စီးရောင်တွေအောက်မှာ ကားကို လက်ပြတားနေသည် ။ အဖော်မပါ။ သူတစ်ယောက်တည်း။

တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေ၏။

ဒေါက်တာ လှိုင်းဆက်ထန် ကားကလေးကို အသာရပ်ပေးလိုက်သည် ။

"ဘာဖြစ်လို့ လဲဟင်၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

"ဟို ... ဟို"

အရမ်းချောတဲ့ ကောင်မလေး။ အသားအရေက ဝင်းမွတ်နေ၏။

"ထား ... ထားစံပယ် လိုက်ခဲ့ပါရစေ၊ ထားစံပယ်ကို ခေါ်သွားပေးပါနော်"

"ဟင်"

ဒေါက်တာ လှိုင်းဆက်ထန် မျက်မှောင်ကြုတ်သွားမိ၏။ ထားစံပယ်တဲ့ ။ ထားစံပယ် လိုက်ပါရစေတဲ့ ။

"မင်းတစ်ယောက်တည်းလား၊ မင်းမှာ အဖော် မပါဘူးလား"

" မပါဘူး"

သူမ တစ်စုံတစ်ခုကို ထိတ်လန့် တုန်လှုပ်နေပုံရသည် ။

ဖြူဆုတ်နေတဲ့ မျက်လုံးလေးတွေနဲ့ နောက်ကို ပြန်လှည့်ကြည့်နေသော မျက်ဝန်းလေးတွေက ထိတ်လန့်နေ၏။

ဒေါက်တာ လှိုင်းဆက်ထန် သူမကို သနားသွားသည် ။ မထူးတော့ပါဘူး။ အကူအညီပေးဖို့ ဆုံးဖြတ်လိုက်သည် ။ ကားနောက်ခန်း တံခါးကို ဖွင့်ပေးလိုက်မိ၏။

"တက်"

"မြန်မြန်တက်"

သူမ ကားထဲကို ရောက်လာ၏။

"ကျေးဇူးပါပဲရှင်"

သင်းပျံ့သော ရေမွှေးနံ့တစ်ခုကို မမျှော်လင့်ဘဲ ဒေါက်တာလှိုင်းဆက်ထန် ရလိုက်သည် ။

"ကဲ ... ငါ မင်းကို ဘယ်နေရာကို လိုက်ပို့ရမှာ လဲ"

သူမက သူ့ကို ခပ်ကြောင်ကြောင်နှင့် ပြန်ကြည့်နေသည် ။

"အမိ"

"ရှင်"

"မင်းဘယ်ကို သွားမှာ လဲလို့ ငါမေးနေတာလေ"

"ထား ... ထားစံပယ် အဲဒါမသိဘူး"

"ဘာ"

ဒေါက်တာ လှိုင်းဆက်ထန် အံ့ဩသွားရပြီ။

"ဒုက္ခပဲ"

"ထား ... ထားစံပယ်ကို ပြန်မဆင်းခိုင်းပါနဲ့ နော်၊ ထားစံပယ်ကို သနားပါနော်၊ ဘယ်ရောက်ရောက် ထားစံပယ်ကို ခေါ်သွားပါနော်"

တောင်းပန်နေသည် ။ မျက်ဝန်းတွေ အသနားခံနေသည် ။ ဒေါက်တာ လှိုင်းဆက်ထန် ဘာလုပ်ရမှန်းမသိ။

"ကျွန်တော် ... ဘယ်ကို ခေါ်သွားရမှာ လဲဗျာ"

"အဟင့် ... ဟင့်"

"ဟောဗျာ"

ထားစံပယ်ဆိုတဲ့ ကောင်မလေး ရုတ်တရက် ရှိုက်ငိုနေပြီ။ ခက်တာပဲ ။ ဘယ်ကိုသွားမလဲ ဆိုတာလည်း မေးလို့ မရ။ ခုလည်း ကားနောက်ခန်းထဲမှာ ရှိုက်ငိုနေသည် ။

မိုးတွေက အပြင်မှာ ပိုသည်းလာ၏။ ကားကို သတိထား မောင်းနေရပေမဲ့ ဒေါက်တာ လှိုင်းဆက်ထန် စိတ်မဖြောင့်။ ဘယ်လို မိန်းကလေးလဲ ။ သူသွားမဲ့နေရာကို ထားစံပယ်လိုက်လို့ ဖြစ်ပါ့မလား။ သူမက မိန်းကလေးတစ်ယောက်။ ခြံထဲမှာ ဘယ်သူမှ မရှိ။ တပည့်ကျော် ကျောက်ခဲကလည်း ရွာကို ခဏ ပြန်သွားသည် ။ တစ်လလောက် ကြာဦးမည်ဟု ခွင့်ယူသွား၏။ ပြဿနာမှ တကယ့် ပြဿနာ။

"မင်း ... မင်း ဘာဖြစ်လာတာလဲဟင်၊ ငါ့ကို မှန်မှန်ပြောစမ်းပါ"

ဒေါက်တာ လှိုင်းဆက်ထန် သူမအကြောင်းကို သိချင်နေပြီ။ ငယ်ငယ်ချောချောလေး။ ဖြူဖြူ အိအိလေး။ ညအချိန်မတော် မိုးထဲလေထဲမှ ဘယ်လို ပြဿနာများ ကြုံတွေ့လာခဲ့ရပါလိမ့်။

"ဟာ"

လျှပ်စီးတွေ ဝင်းခနဲ ပြက်သွားသည် ။

"ဖြောင်း"

"ဒိုင်း"

ကြောက်မက်ဖွယ်ရာ မိုးချုန်းသံကြီး၊ မင်္ဂလာဒုံကို ကျော်ခဲ့ပြီ။ လမ်းမီးရောင်တွေ လင်းနေကြသည် ။ သို့သော် လမ်းမကြီးပေါ်မှာ လူအသွားအလာမရှိ။ ကားဆက်ကလည်း ကြီးလွန်းလှသည် ။

"ဟော့ … မင်းကို ငါမေးနေတယ်လေ"

မဖြေ။ မျက်နှာလေးကို လက်ဝါးလေးအုပ်ပြီး ရှိုက်ငိုနေသည် ။ ဒေါက်တာ လှိုင်းဆက်ထန် စိတ်ဓာတ်ကျသွားရ၏။ နီးစပ်ရာ ရဲကင်း တစ်ခုခုကို ဝင်ပို့ထားခဲ့ရင် ကောင်းလေမလား။ ကားကလေး ကတော့ အရှိန်ပြင်းစွာ မောင်းနှင်နေဆဲ။

"တီ"

"တီ"

"ဟင်"

လက်ကိုင်ဖုန်းက အသံမြည်လာသည် ။ ဒေါက်တာလှိုင်းဆက်ထန် ဖုန်းခလုတ်ကလေး တစ်ခုကို ဖိနှိပ်ပြီး အသံကို နားထောင်လိုက်၏။

"ဒေါက်တာ လှိုင်းဆက်ထန်"

"ဗျာ"

"ခင်ဗျား တော်တော် ကံဆိုးတာပဲ"

"ဘယ်လို … ဘယ်လို ကံဆိုးတာလဲ၊ အခုပြောနေတာ ဘယ်သူလဲ"

"ကျုပ်ကို ခင်ဗျား မသိပါဘူး၊ ခင်ဗျားစိတ်ကို ငြိမ်အောင်ထိန်းထား သိလား၊ ပြီးတော့ ခင်ဗျားကို တစ်ခု တောင်းပန်ချင်တာ ကျုပ်ခိုင်းတဲ့ အတိုင်းလုပ်"

"ဟာ … မအော်နဲ့ လေ၊ တယ်လီဖုန်း စပီကာတွေ ကွဲကုန်ပါဦးမယ်"

"ခင်ဗျား မနောက်နဲ့ နော်၊ ခင်ဗျား ဘယ်ဖုန်းက ဆက်တယ်ဆိုတာ ကျုပ်ရဲ့ ဖုန်းပေချာပေါ်မှာ မှတ်ထားပြီးသား၊ ပြန်ဖွင့်ကြည့်လိုက်တာနဲ့ ဖုန်းနံပါတ် ပေါ်လာမယ်"

"ဟာ ... အဲဒါ မြန်မာပြည်မှာ မူကြိုတက်နေတဲ့ ကလေးက အစသိတယ်၊ လုပ်မနေနဲ့ ကျုပ်အခုဆက်နေတာ လမ်းဘေးဖုန်းက ဆက်နေတာ၊ ကြိုက်သလောက်ပြောပြီး ကျသလောက် ရှင်းပေးလိုက်ရုံပဲ"

"ပြောဗျာ ... မြန်မြန်ပြော၊ ခင်ဗျား ဘာကိစ္စ ကျုပ်ဆီကို ဖုန်းဆက်တာလဲ၊ ခင်ဗျားနဲ့ ကျုပ် ပတ်သက်စရာအကြောင်း ဘာမှ မရှိဘူး"

ဒေါက်တာ လှိုင်းဆက်ထန် ဒေါပွနေရပြီး စိတ်တိုတိုနဲ့ တစ်ဖက်က လူကို ပိတ်ဟောက်လိုက်သည် ။ သူကတော့ ရယ်နေ၏။ တကယ့်ကို မခိုးမခန့် ရယ်သံ။ ဒေါသဖြစ်သွားသည် ။ စိတ်က မရှည်ချင်တော့။ မိုးထဲမှာ ကားကို ထိန်းမောင်းနေရတဲ့ ကြားထဲ။

"တောက်"

ဒေါက်တာ လှိုင်းဆက်ထန် တောက်တစ်ချက်ကို ခပ်ကြမ်းကြမ်း ခေါက်ပစ်လိုက်သည် ။ ဘယ်လို စိတ်ရှည်နိုင်မှာ လဲ။ အရေးထဲမှ အရာပေါ်။

"ဒီမှာ ဒေါက်တာ"

"ပြောဗျာ"

"ခင်ဗျားကားထဲမှာ ပါသွားတဲ့ မေထားစံပယ် ဆိုတာ ကျုပ်တို့ အဖွဲ့ထဲကပဲ"

"ဘယ် ... ဘယ်လို"

"ဒေါက်တာနောက်ကို လှည့်မကြည့်နဲ့ ၊ ခုလောက်ဆို ဒေါက်တာ့ လည်ပင်းကို ဓားနဲ့ ထောက်ထားပြီးလောက်ပြီ"

"သေစမ်း"

စူးရှရှ အတွေ့တစ်ခုကို လည်ပင်းနားတစ်ဝိုက်ဆီမှ ဒေါက်တာ လှိုင်း

ဆက်ထန် ရလိုက်သည် ။

"သူခေါ်တဲ့ နောက်ကို ဒေါက်တာ အေးအေးဆေးဆေး လိုက်သွားလိုက်ပါ။ သူက ဒေါက်တာ့ထက် စိတ်ပိုကြမ်းတယ်၊ အရေးကြီးတာက သူ့မှာ လိုအပ်နေတဲ့ အကူအညီကို ဒေါက်တာပေးလိုက်ဖို့ ပဲ၊ ကျေးဇူးပါပဲ ဒေါက်တာ"

ဖုန်းချသွားပြီ။ တစ်ဖက်က အသံတိတ်သွားပြီ။

"အား"

"မလှုပ်နဲ့ နော်"

"မင်း ... မင်း"

ကားမောင်းနေတဲ့ ဒေါက်တာ လှိုင်းဆက်ထန် ဒေါသကြောင့် အသားတွေပါ တဆတ်ဆတ် တုန်လာရသည် ။

"မင်းဘာလုပ်တာလဲကွ"

"မမေးနဲ့ ဆက်မောင်း၊ ရှေ့တည့်တည့်ကို ဆက်မောင်း"

စောစောက အသံမျိုး မဟုတ်တော့ ။ မာသည် ။ ထန်သည် ။ ပြတ်သည် ။

"ထပ်မမေးနဲ့ ၊ ဆက်မောင်း"

"အို"

ဓားဦးချွန်က လည်ပင်းကို ခပ်ဖိဖိလေး ထောက်ထားသဖြင့် ဒေါက်တာ လှိုင်းဆက်ထန် လှုပ်ရှားခွင့်မရ။ ခပ်ကြမ်းကြမ်း မြုပ်ဝင်သွားမှာ သေချာသည် ။

"လမ်းဆုံရောက်ရင် ဟိုင်းဝေးလမ်းဘက်ကိုချွေး"

သူငြင်းလို့ မရ။

"မင်းဘယ်ကို သွားချင်တာလဲ"

ဒေါက်တာ လှိုင်းဆက်ထန် စိတ်ကို လျှော့လိုက်သည် ။

"မမေးနဲ့ "

ရေမွှေးနံ့က ကားထဲမှာ ပျံ့လွင့်နေသည် ။ ရှယ်နယ်ဖိုက်။ နှင်းဆီနံ့၊ ပြီးတော့ မေထားစံပယ်။

"ရှင်လိုက်ခဲ့ရမယ်"

"မင်းလက်ထဲက ဓားကို ပြန်သိမ်းထားလိုက်စမ်း"

"ရှင် ပြဿနာ မရှာဘူးလို့ ကတိပေးရင် ဘာမှ မလိုအပ်တော့ဘူး"

"မရှာဘူးကွာ"

"ကောင်းပြီလေ"

ဓားကို ပြန်သိမ်းသွားသည် ။

"ကျွန်မရဲ့ အပြုအမူတွေ အားလုံးအတွက် ဒေါက်တာကို တောင်းပန်ပါတယ်၊ ကျွန်မတို့ ရဲ့ အခက်အခဲတွေအတွက် ဒေါက်တာကို အရေးတကြီး လိုအပ်နေလို့ ပါ"

" ဘာလုပ်ပေးရမှာ လဲ"

"ဟိုရောက်ရင် ဒေါက်တာ သိရမှာ ပါ"

"မရောက်သေးဘူးလား"

"ရောက်တော့မှာ ပါ"

ဒေါက်တာ လှိုင်းဆက်ထန် ပင့်သက်ရှိုက်မိရပြီ။

မိုးက ကြဲသွားသည် ။ လေကလည်း ငြိမ်သွားသည် ။ ကားဒဘုတ်ပေါ်က ညကြည့်နာရီလေးကို လှမ်းကြည့်လိုက်တော့ ညသန်းကောင်ကျော် မနက်တစ်နာရီ ထိုးခါနီးနေပြီ။

မေထားစံပယ် နောက်ကနေ အမိန့်ပေး လမ်းညွှန်တဲ့ အတိုင်း လိုက်နာနေရသူက ဒေါက်တာ လှိုင်းဆက်ထန်ပင်။ မြေလမ်းကို မောင်းနေရသည် ။ ကမူတွေ ချိုင့်တွေကို ကျော်ဖြတ်နေရသည် ။

"ရောက်ပြီ"

လမ်းမီးမရှိ။ အိမ်ဆက်မရှိ။ ရော်ဘာတောအုပ်ထဲ ခြံကြီးတစ်ခြံ၊ တောင်ကုန်းမြင့်မြင့်ရဲ့ အဆုံးဆီမှာ အကွက်ကျကျ တည်ဆောက်ထားပုံရသည် ။ အရမ်းချမ်းသာကြတဲ့ လူတွေသာ နေထိုင်နိုင်တဲ့ ခြံကျယ်ကြီးနှင့် ခေတ်မီခန့်ညားသော တိုက်ကြီးတစ်လုံး။ လှိုင်းဆက်ထန် နားမလည်နိုင်။

"ဝုတ်"

"ခွေးကြီးတွေ"

"ဝုတ်"

"ဟာ"

ခြံဝမှာ ကားမီးရောင် မြင်လိုက်သည် နှင့် အရင်ဆုံး ပြေးထွက်လာတာက ဒိုဘာမင်ခွေးကြီးတွေ။

"ဒေါင်း"

အထဲမှာ ခုန်ပေါက်နေသည် ။ ခြံတံခါးကြီးကို ခေါင်းနဲ့ ပြေးတိုက်ဖို့

ကြိုးစားနေသည် ။

"ဟော"

နောက်မှာ အရိပ်မည်းမည်းကြီး တစ်ခု။

လူ ... လူတစ်ယောက်။ ကြီးမားတဲ့ သော့တွဲကြီး တစ်ခုကိုင်ပြီး တအိအိ လမ်းလျှောက်လာနေသည် ။ သူ့ကိုယ်ကို နိုင်အောင်မနည်း ထိန်းလျှောက်လာရပုံပင်။

ဝသည် ။ ဖိုင့်သည် ။ အရပ်က အမျှား ဆုံးရှိမှ ငါးပေ။

"ဂျောင်း"

"ဂျောင်း"

စောစောက ကားမီးရောင်အောက်မှာ မြင်နေတဲ့ ဒိုဘာမင်ခွေးကြီးတွေ မရှိတော့။

"မောင်း ဒေါက်တာ"

အမိန့်ပေးသံ နောက်မှ ပေါ်လာသည် ။

မေထားစံပယ်။ မြို့ပြင် တောင်ကုန်းအိမ်ကြီး။ ဘုမသိဘမသိ လိုက်လာခဲ့ရတဲ့ ဒေါက်တာ လှိုင်းဆက်ထန်။ ဒိုဘာမင်ခွေးကြီး သုံးကောင်နဲ့ လူဝကြီး။

***

# အခန်း (၂)

"ဒေါက်တာ"

"ပြောစမ်း"

ဒေါက်တာ လှိုင်းဆက်ထန် အသံက မာသွားသည် ။ နဖူးကြောတွေ ကျုံ့ဝင်သွားသည် အထိ မေထားစံပယ်ဆိုတဲ့ မိန်းကလေးကို ငေးစိုက်ကြည့်ပစ်လိုက်၏။

"ဒေါက်တာ အရမ်းစိတ်ပင်ပန်းလာတယ်ဆိုတာ ထားစံပယ်သိပါတယ်၊ ဒေါက်တာကို ခပ်ကြမ်းကြမ်း ခေါ်လာရတဲ့ အတွက် ထားစံပယ်ကို ခွင့်လွှတ်ပါ"

"ငါဘာကူညီရမလဲ"

"ပြောပြမှာ ပါ ဒေါက်တာ၊ လောလောဆယ်တော့ ဒေါက်တာ့ကို တစ်ခုခုနဲ့ ဧည့်ခံပါရစေ၊ ဒေါက်တာ ဘာသောက်ချင်လဲ အအေးလား၊ အပူလား"

"ငါသောက်ချင်တာ မင်းဆီမှာ ရှိမှာ မဟုတ်ဘူး "

"ဘာလဲ ဒေါက်တာသောက်ချင်တာ ဘာလဲ"

"အိုး ဘရမ်ဒီ"

သူမ ဝင်းခနဲ ပြုံးသွား၏။

"ရပါတယ်"

စားပွဲပေါ် ချက်ချင်း ရောက်လာသည် ။

"ဒါ အိုးဘရန်ဒီပဲ၊ အဲ ... နှယ်နှယ်ရရတော့ မဟုတ်ဘူး နော်၊ စကော့ ကလာတာ၊ အဲ ... ပြော ဘာမြည်းမလဲ"

"အာလူးကြော်"

ဒေါက်တာ လှိုင်းဆက်ထန် စိတ်ညစ်နေပြီ။ တစ်အိမ်လုံးကို အကဲခတ်ကြည့်လိုက်တော့ သူတို့ နှစ်ယောက်ကလွဲရင် တခြားဘယ်သူမှ ရှိမနေပုံပင်။ တစ်အိမ်လုံး တိတ်ဆိတ်နေသည် ။ လှုပ်ရှားနေတဲ့ အရာဟူ၍ ဧည့်ခန်းကျယ်ကြီးရဲ့ ထိပ်မှာ ချထားတဲ့ မတ်တတ်ရပ်နာရီကြီး တစ်လုံးသာရှိသည် ။

တထပ်ထပ်မြည်ရင်း နာရီလက်တံကြီး တစ်ခုသာ ရွေ့လျားနေသည် ။ ရှေးဟောင်းနာရီ။ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က နာရီ။ ဧည့်ခန်းကြီး တစ်ခုလုံးကို မဟော်ဂနီရောင် ဘယ်လ်ဂျီယံ ကော်ဇော ကြီးတွေ ခင်းထားသည် ။ ပစ္စည်းကတော့ များများ စားစားမရှိ။ စာကြည့်စားပွဲ တစ်လုံးနှင့် တရုတ်ကြွေပန်းကန် အိုးကြီး တစ်လုံးသာ ရှိသည် ။

ပန်းအိုးကြီးထဲမှာ ဒေလီယာပန်းတွေ။ ရှားသည် ။ အဖိုးတန်သည် ။

"သောက်ပါ ဒေါက်တာ"

အကောင်းစား ဖန်ခွက်ကလေးထဲကို ထည့်ပေးပြီး ဒေါက်တာ လှိုင်းဆက်ထန်ရဲ့ စူးရှတောက်ပတဲ့ မျက်ဝန်းတွေကို သူမ ငေးစိုက်ကြည့် ပစ်လိုက်မိတော့၏။

အရေးကြီးတာက ဒေါက်တာ လှိုင်းဆက်ထန်ကို အပိုင် စည်းရုံး

သိမ်းသွင်းထားနိုင်ဖို့ သူမအတွက် အရေးတကြီး လိုအပ်နေခဲ့ပြီ မဟုတ်ပါလား။

"အား"

တစ်ရှိန်ထိုး ကောက်မော့လိုက်သဖြင့် ဒေါက်တာလှိုင်းဆက်ထန်ရဲ့ လည်ချောင်းထဲမှာ ပူဆင်းသွားသည် ။

"ဒေါက်တာ"

မေထားစံပယ် နှုတ်က ချိုအီနေတဲ့ အသံလေး တစ်သံ ထွက်လာသည် ။

"ပြောကွာ"

"ဒေါက်တာနောက်ကို ကျွန်မလိုက်နေတာ တစ်ပတ်လေ"

"ဘာ"

"ဒေါက်တာနဲ့ ပတ်သက်သမျှ အချက်အလက်တွေကို စုဆောင်းနေတာပါ၊ ဒေါက်တာ တစ်သက်လုံး သိမ်းထားတဲ့ ဘလက်ဖိုင်တွေ ခရော့စ်ဖိုင်တွေက အစပေ့ါ"

"မင်းဘာလုပ်မလို့ လဲ"

"ကျွန်မတို့ အလုပ်ကိစ္စထဲမှာ ဒေါက်တာကို လိုအပ်လို့ "

"ဘာအလုပ်လဲကွ"

ဒေါက်တာ လှိုင်းဆက်ထန် စိတ်မရှည်တော့။ ကိုယ်သိရမယ့် အကြောင်းအရာတစ်ခုကို မြန်မြန်သိလိုက်ချင်ပြီ။

"လူတစ်ယောက်နဲ့ ပတ်သက်နေတဲ့ အလုပ်ပါ"

"လူတစ်ယောက် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်သူလဲ"

သူမ နှုတ်ဆိတ်သွားသည် ။ သူနှုတ်ခမ်းလေးတွေ ရုတ်တရက် ကွေး ညွတ်သွားတာကို ဒေါက်တာ လှိုင်းဆက်ထန် တွေ့လိုက်ရ၏။

"ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့ လူတစ်ယောက်ကို ဒေါက်တာ ဆေးကု ပေးရမယ်"

"ဘာပြောတယ်"

"ဒေါက်တာ နားရှုပ်သွားလားဟင်"

"နားရှုပ်တာ မဟုတ်ဘူး ကွ၊ လူနာတစ်ယောက်ကို ဆေးကုတာ ဆေးခန်းကို ခေါ်လာလည်း ရရဲ့ သားနဲ့ ၊ ဒီအထိ"

"ဒေါက်တာ"

သူမအသံက နည်းနည်းတော့ ကျယ်သွားသည် ။

"ကျေးဇူးပြုပြီး စိတ်ရှည်ရှည် ထားပေးစမ်းပါ ဒေါက်တာ ထားစံပယ် ဒေါက်တာကို မေတ္တာရပ်ခံနေတာပါ ဒေါက်တာ အော်ကျယ်အော်ကျယ် မလုပ်ပါနဲ့ ၊ တတ်နိုင်ရင် အိုးဘရန်ဒီ နောက်ထပ်တစ်ခွက် ချီးမြှင့်ပေးပါ "

သူမ ထပ်ငှဲ့လိုက်သည် ။

"နော် ... ဒေါက်တာနော်"

သူမ ညုကြည့်လိုက်၏။ နှုတ်ခမ်းတွေ ဆတ်ခနဲ ကွေးသွားသည် ။ တကယ့်ကို ခပ်ညုညုအကြည့်။

သူကတော့ ဒီလိုမိန်းကလေးမျိုးတွေကို အထင်မကြီးမိ။ သူကတော့ ကောင်မလေးရဲ့ မျက်လုံးဝိုင်းဝိုင်းလေးတွေ ဖျတ်ခနဲ ထောင့်ကပ်သွားတာကို ကြည့်ပြီး ရယ်ချင်သည် ။

မေထားစံပယ်အတွက် ဒါလောက်တော့ အသေးအမွှား ဖြစ်မယ်ထင်တယ်။

"ပေးစမ်း"

မိုက်လိုက်တဲ့ ဒေါက်တာ။ တစ်ကျိုက်တည်း မော့ပစ်လိုက်သည် ။ လျှာဖျားပေါ်ကနေ လည်ချောင်းထဲကို ဖြည်းဖြည်းငြိမ့်ငြိမ့် ဇိမ်ကလေးနဲ့ ဖြတ်ဆင်းသွားရမယ့်ဟာကို။

"ကဲ ... မြန်မြန်ပြောကွာ၊ ငါဘယ်သူ့ကို ကုရမှာ လဲ။ ယောကျ်ားလား၊ မိန်းမလား"

"မိန်းမ"

"အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်တစ်နှစ်"

"ဘာ"

ဒေါက်တာ လှိုင်းဆက်ထန် မျက်ခုံးတန်းတွေ တွန့်ကွေးသွားသည် ။

"အ ... အပျိုလား"

"ရိုက်တ် ... လုံးဝ ရေမရောဘူး"

"လူနာက ဘယ်မှာ လဲ"

"တွေ့ရမှာ ပေါ့ ဒေါက်တာရယ်၊ စိတ်အေးအေးထားစမ်းပါ"

"ကျုပ် ပြန်ရဦးမယ်ကွ"

"ဒေါက်တာကို ပြောစရာတွေ အများကြီး ကျန်သေးတယ်"

"ပြောကွာ၊ မြန်မြန်ပြော"

မေတ္တာစံပယ် တစ်ချက်ပြုံးလိုက်သည် ။ ပြီးတော့ အာလူးကြော် တစ်ချောင်း ကောက်ဝါးလိုက်၏။

"ဒေါက်တာ"

"ဘာလဲကွာ"

"ဒေါက်တာ ကုရမဲ့လူနာက ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့ မိန်းကလေး တစ်ယောက်ပါ ဒေါက်တာ၊ သူ့နာမည်က"

မေထားစံပယ် အသက်ကို တဝရှူလိုက်သည် ။ ပြီးတော့မှ နာမည် လေးကို တစ်လုံးချင်း ရွတ်ပြလိုက်၏။

"ရွှန်း ... ခက် ... န ... ဒီ"

"ဘာ"

ဒေါက်တာ လှိုင်းဆက်ထန် မယုံနိုင်လောက်အောင် ဖြစ်သွားရပြီ။ ရွှန်းခက်နဒီ။ လှလွန်းတဲ့ မိန်းကလေး။ မိမိကို ဒုက္ခပေးဖို့ ကြိုးစားတဲ့ မိန်းကလေး။ နာမည်ကို ကြားလိုက်ရရုံနှင့် ဒေါက်တာ လှိုင်းဆက်ထန် တုန်လှုပ် ချောက်ချားသွားမိသည် ။ ရုတ်တရက် ထပြန်တော့မည် အလုပ်...

"ဟာ ... မလုပ်နဲ့ လေ ဒေါက်တာ၊ ဒေါက်တာ လှုပ်လှုပ်ရှားရှားလုပ်ဖို့ လုံးဝ မကြိုးစားပါနဲ့ ၊ ဒီအိမ်မှာ ဒေါက်တာ ဘယ်လိုမှ ပြန်ထွက်သွားလို့ မရအောင် ပိတ်ဆို့ တားဆီးမဲ့ လူတွေ ရှိနေတယ် ကြောက်စရာ

အကောင်းဆုံးက ဒိုဘာမင်ခွေးကြီး သုံးကောင်ပဲ။ ခုလောက်ဆို ဒေါက်တာ့ ကားဘေးမှာ ငုတ်တုတ် ထိုင်စောင့်နေကြပြီ"

သွေးအေးအေးနဲ့ ပြောနေတဲ့ မေထားစံပယ်။ ပါးချိုင့်ခွက်ကလေးတွေ ပေါ်သွားအောင် ပြုံးနေခြင်း ဖြစ်သည်။

"ရွှန်းခက်နဒီက အရမ်းရက်စက်တယ် ဒေါက်တာ၊ သူ့အကြောင်းကို ဒေါက်တာ သိပါတယ်၊ သူနဲ့ ဒေါက်တာနဲ့ က"

"မပြောနဲ့၊ မကြားချင်ဘူး"

ဒေါက်တာ လှိုင်းဆက်ထန် ကယောင်ချောက်ချား ဖြစ်နေရပြီ။ နာမည်ကြားရုံနဲ့ နှုတ်ခမ်းတွေ ခြောက်သွေ့ပူလောင်နေရပြီ။ အတိတ်က အရိပ်တွေ၊ အရိပ်တွေထဲက လှိုင်းဆက်ထန်နဲ့ ရွှန်းခက်နဒီ။

"ငါ့ကို ပြန်ခွင့်ပေးပါ၊ ငါ သူနဲ့ မဆုံချင်ဘူး၊ သူနဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး၊ သူ သေသွားပြီ၊ ငါ့ဘဝထဲက သူသေသွားခဲ့တာ ကြာခဲ့ပြီ၊ သူ ... သူ"

ဒေါက်တာ လှိုင်းဆက်ထန် ဘယ်လိုမှ ဟန်မဆောင်နိုင်တော့။ ယိုင်လဲပြိုကျချင်သည်။

"ဒေါက်တာ"

"မပြောနဲ့၊ မင်း ငါ့ကို ဘာအကြောင်းမှ မပြောနဲ့"

အော်သည်။ တားဆီးလိုက်၏။ ခေါင်းကို ဘယ်ညာခါယမ်းသည်။

"ဒေါက်တာကို ထားစံပယ် မေတ္တာ ရပ်ခံနေတယ်နော်။ ဒေါက်တာ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ၊ ဒီနေရာကနေ ဒေါက်တာ ပြန်ထွက်သွားဖို့ ဆိုတာ ဘယ်နည်းနဲ့ မှ မဖြစ်နိုင်တော့ဘူး"

"ဘာပြောတယ်"

"ဒီနေ့ကစပြီး ဒေါက်တာကို ကျွန်မတို့ ပိုင်သွားပြီ"

"ဘာ"

ဒေါက်တာ လှိုင်းဆက်ထန်ရဲ့ အော်သံက ဟိန်းတက်သွားသည် ။ ဒေါက်တာကို ကျွန်မတို့ ပိုင်သွားပြီတဲ့ ။ ဘာသဘောလဲ။ ဘာသဘောနဲ့ ပြောနေတာလဲ။ ဒေါက်တာ လှိုင်းဆက်ထန် နားမလည်။ ထားစံပယ်ရဲ့ မျက်လုံးတွေကိုသာ ဒေါသဖြစ်ဖြစ်နဲ့ စိုက်ကြည့်နေလိုက်မိသည် ။

"ဦးတာတေ"

"ဦးတာတေ"

"လာပါပြီ"

ဦးတာတေတဲ့ ။ လူမည်းမည်းဝဝကြီး တစ်ယောက် ထွက်လာသည် ။ စောစောကလူ။ သော့တွဲကြီး ကိုင် လာပြီး သံတံခါးကိုကို လာဖွင့်ပေးတဲ့ လူ။ ထားစံပယ်နားမှာ လာရပ်သည် ။ နောက်ထပ် အမိန့်ပေးသံကို စောင့်နေပုံရ၏။

"ဦးတာတေ"

"ဗျာ"

အရုပ်ဆိုးသည် ။ မိုက်တိမိုက်ကန်းပုံ ပေါက်နေသည် ။ ဘာမဆို ရှူး တိုက်ပေးရင် ပြေးကိုက်မဲ့ရုပ်။

"သူတို့ ရောက်နေပြီလား"

"ရောက်နေပါပြီ"

"ရွှန်းခက်နဒီရော"

"အိပ်ပျော်နေတယ်"

"ဘယ်အချိန်ကတည်းက အိပ်ပျော်သွားတာလဲ"

"ညဆယ်နာရီ လောက်ကတည်းက"

"ဘာထူးသေးလဲ"

"မထူးဘူး၊ အားလုံး အေးအေးဆေးဆေးပဲ"

ဒေါက်တာ လှိုင်းဆက်ထန် ဘာကိုမှ နားမလည်။ သူတို့ ပြောနေတဲ့ စကားတွေကို နားထောင်ပြီး စိတ်ရှုပ်ထွေးနေမိသည် ။ ရွှန်းခက်နဒီဆိုတဲ့ မိန်းမ။ သူ့ကို လက်စားချေဖို့ သည်းကြီးမည်းကြီး လိုက်နေတာပဲ။

"ကဲ ... ဦးတာတေ နားလို့ ရပြီ"

သည် တော့မှ ကိုရပ်ဆိုး လှည့်ထွက်သွားသည် ။ ဧည့်ခန်းထဲက နာရီအိုကြီးကို လှမ်းကြည့်လိုက်တော့ မနက်သုံးနာရီ။

"ငါ စီးကရက် သောက်ချင်တယ်"

"ဩော် ... မေ့နေလိုက်တာ ဆောရီးဒေါက်တာ"

ထရယ်ပယ်ဖိုက် တစ်ဘူး ထုတ်ပေးလိုက်သည် ။

"ငါတို့ နှစ်ယောက်တည်းနဲ့ ဒီအတိုင်း မိုးလင်းရတော့မှာ လား ထားစံပယ်"

"စိတ်ရှည်ပေးပါ ဒေါက်တာရယ်၊ ထားစံပယ် တောင်းပန်ပါတယ်၊ ခဏနေရင် ရွှန်းခက်နဒီ နိုးလာတော့မှာ ပါ။ ဒေါက်တာ အိပ်ချင်တယ်ဆိုရင် ဒီအတိုင်း"

"တော်စမ်းပါကွာ"

ဒေါက်တာ လှိုင်းဆက်ထန် ဘယ်လိုမှ စိတ်မရှည်နိုင်တော့။ အချိန်တွေက အကြာကြီးပဲ စောင့်နေရသည် ။ ဒေါသဖြစ်ဖြစ်နဲ့ အိပ်ပျော်သွားလိုက်တာ မနက်စင်စင် လင်းတဲ့ အထိ။

***